*The Courage of Mercy*

# ကြင်နာသနားခြင်း၏သတ္တိစွမ်းအားများ

မိမိတို့တေဇေအဖွဲ့အစည်းအနေဖြင့် ၂၀၁၅ခုနှစ်တစ်လျှောက်လုံး တစ်ကမ္ဘာလုံး အသစ်တစ်ဖန်ပြန်လည် ညီညွတ် ရေးကိုသာလုပ်ဆောင်ခဲ့ခြင်းများသည် ဤနေ့ဤအချိန်တွင်အရေးကြီးလုပ်ဆောင်ရမည့်အရာ အဖြစ်တည်ရှိနေသည်ကိုတွေ့ရသည်။ ယနေ့ခေတ်တွင် တစ်ကမ္ဘာလုံးတွင် စိတ်ပူပန် သောက ဖြစ်စေသည့် အသစ်သောပြောင်းလဲမှုများဖြစ်သော ရွှေ့ပြောင်းသွားလာခြင်းပေါ်များလာမှုများ၊ နေထိုင်ရာသဘာဝ ပတ်ဝန်းကျင် နှင့်လူမှုရေးဆိုင်ရာကိစ္စရပ်များသည် ဘာသာအသီးသီးမှယုံကြည် သူများနှင့် မယုံကြည်သော သူများအတွက်စိန်ခေါ်မှုများအဖြစ်ကြုံတွေ့နေသည်ကိုတွေ့ရသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများသည် လူမဆန်သော စဉ်းစားတွေးခေါ်မှုများနှင့်အတူ လူ့ပတ်ဝန်းကျင် အား တစစီဖရိုဖရဲဖြစ်အောင်ဖျက်ဆီးနေကြသည်။ အနည်းငယ်သောကျန်ရှိသည့် အုပ်စုလေးမှဖြစ်သော ကျွန်ုပ်တို့သည် မလုံခြုံမှုများနှင့် ကြောက်လန့်မှုများ ကြားထဲမှ မိမိတို့၏ စစ်မှန်သောယုံကြည်ခြင်း ခြေလှမ်းများဖြင့်သာ ဆက်လက်လျှောက်လှမ်းနေရမည်ဖြစ်သည်။ ဤအချက်သည် လက်ရှိအချိန်တွင် ညီညွတ်သောတိုးတက်ပြောင်းလဲမှုများဖြင့်ရှင်သန်နေထိုင်မှုများအား နောင်တရ နောက်ကြောင်း ပြန်လှည့်ချင်သူများနှင့် လက်ရှိတွင်ရှင်သန်နေကြသူများအတွက် အရေးကြီးလုပ်ဆောင်ရမည့်အရာ ဖြစ်သည်။

မိုးရွာ၍ရေစီးသည်နှင့်လေလာ၍ ထိုအိမ်ကိုတိုက်သည်ရှိသော် ကျောက်ပေါ်မှာတည်သောကြောင့် မပြိုလဲပဲနေ၏။ ( မာတေဦး ၇:၂၄-၂၅) ကျွန်ုပ်တို့သည် မိမိတို့၏ ဘဝကို ဤကျမ်းချက်ပေါ်တွင် အခြေခံကြမှသာ ကျောက်တုံးနှင့်တူသောကျွန်ုပ်တို့ဘဝသည် လူအများထံသို့ ဧဝံဂေလိ တရားတော် အပေါ်အခြေခံသောအမှန်တရား တစ်ခုအသွင် ပျော်ရွှင်ခြင်း၊ ရိုးရှင်းခြင်းနှင့် သနားကြင်နာခြင်းများ အဖြစ်ကူးစက်သွားမည်သာဖြစ်သည်။ ဘရာသာ ရော်ဂျာ ဟာ ဤကဲ့သို့သောအချက်ကိုတေဇေအသိုင်း အဝန်းလေး၏ နလုံးသားအဖြစ်စတင်မျိုးစေ့ချခဲ့ပြီး ဤအချက်များမှ ခက်ခဲသောအချိန်ကာလများအတွက် ခွန်အားပေးကာ ဆက်လက်လျှောက်လှမ်းရန် အင်အားဖြစ်စေခဲ့သည်။ထို့ကြောင့် သူကိုယ်တိုင်ပင် ဤအရာများကို စိတ်တွင်စွဲမှတ်စေပြီး နေ့စဉ်နေ့တိုင်းကြိုးစားလျှောက်လှမ်းခဲ့သည်။

ဤအချက်သုံးချက်ဟာ လာမည့်သုံးနှစ်တာကာလအတွင်း ကျွန်ုပ်တို့လျှောက်လှမ်းရမည့် ခရီးရှည်ကြီးအား ကူညီလမ်းပြပေးမည်ဖြစ်သည်။

ယခုနှစ် ၂၀၁၆ ခုနှစ်တွင် ကျွန်ုပ်တို့သည် ပုပ်ရဟန်းမင်းကြီးဖရန်စစ်မှအစပြုစတင်ဆောင်ရွက်ခဲ့သော ကြင်နာသနားခြင်းနှစ်တွင် တူညီသောခံစားမှုအရင်းပြုကာ ကြင်နာသနားခြင်းခြင်းဖြင့် စတင်ရမည်သာဖြစ်သည်။

ကျမ်းစာမှ ဘုရားသခင်၏ သနားကြင်နာခြင်းအား သက်သေခံသယ်ဆောင်ရန် ဖိတ်ခေါ်နေလျက်ရှိသည်။ ယခုအကြံပြုပေးချက် (၅)ချက်သည် ကျွန်ုပ်တို့၏ သနားကြင်နာခြင်းဆီသို့ စွမ်းအားသတ္တိဖြင့် သွားရန်အားပေး တိုက်တွန်း နိုးဆော်ပေးမည်ဖြစ်သည်။

ဘရာသာ အားလွီးစ် ( တေဇေ အကြီးအကဲ)

Brother Alois

Fourth Proposal
Extending mercy to its social dimensions

အကြံပြုအဆိုပြုချက် (၄)
သနားကြင်နာခြင်းအားလူမှုရှုထောင့်များဆီသို့ဖြန့်ကျက်ခြင်း

ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသော ထာဝရဘုရားဖြစ်သည်။ (ယေရမိ ၉:၂၃)

အချင်းလူ၊ ကောင်းသောလမ်းကိုပြတော်မူပြီ။တရားသဖြင့်ပြုခြင်း၊ဂရုဏာကိုနှစ်သက်ခြင်း သင်၏ဘုရားသခင်ရှေ့တော်၌နှိမ့်ချသောစိတ်နှင့်ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သက္ကာကို ဘုရားသခင်တောင်းတော်မူသနည်း။ (မိက္ခာ ၆:၈)

ဘုရားသခင်၏နှလုံးသားထဲတွင် လူသားအားလုံးသည် ရိုးရှင်းသောမိသားစုဘဝကို တည်ဆောက်နေကြရာသနားကြင်နာခြင်းသည်လည်းမတူညီသော နေရာရှုထောင့် များဆီသို့ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရမည်ဖြစ်သည်။တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပြန်လည်စည်းလုံးညီညွတ်ရေးသည် လက်တွေ့ကျသော အမှန်တရားတစ်ခု အဖြစ်ဖြစ်ပေါ်လာရာ နိုင်ငံတကာမှလူမှုပုံစံသွင်းမှုများနှင့်စံနှုန်းများသည် ပိုမိုကောင်းမွန်သောတရားမျှတရေးနှင့် ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီဆန်သည့် မူဝါဒများချမှတ်ရန် လိုအပ်သည်။

ဆင်းရဲသောနိုင်ငံများသည် အကြွေးများဖြင့်တနေ့တခြားဆင်းရဲတွင်းနက်လာကြခြင်းမှာ သယံဇာတပိုင်ဆိုင်မှုများကို အင်အားကြီးနိုင်ငံများမှ ပူးပေါင်းကာခေါင်းပုံဖြတ်အနိုင်ကျင့်ကြခြင်း ကြောင့်ဖြစ်သည်။ နိုင်ငံငယ်လေးများ၏ တင်ရှိနေသော အကြွေးများအား လျှော်ပစ်ပေးရန် စဉ်းစား ချက်မှာ အကယ်စင်စစ်အားဖြင့် မဖြစ်နိုင်သော၊ပြောင်းလဲ၍မရသောအချက်ဟုထင်ရသော်လည်း ဖြစ်ပေါ်လာခဲ့ပါက စစ်မှန်သောတရားမျှတမှုအားပြန်လည်ကျင့်သုံး လာခြင်းဟုဆိုနိုင်မည်ဖြစ်သည်။ မတူညီသောအခြေအနေများဖြင့်တည်ရှိနေသောယနေ့ခေတ်တွ င် သမ္မာကျမ်းစာမှကျွန်ုပ်တို့အား သတိပေးနေသည်မှာ " သင်၏အမျိုးသားချင်းသည် ဆင်းရဲ၍လက်အားလျော့သဖြင့် တစ်ပါး

အမျိုးသားဧည့်သည်အာဂန္တုကဲ့သို့ဖြစ်လျှင် သင့်ထံမှာနေစေခြင်းငှာ သူ့ကိုမစရမည်။
(ဝတ်ပြုရာကျမ်း ၂၅:၃၅)

အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးငယ်များသည် မိမိတို့ပိုင်ဆိုင်ရာနေရာဒေသကိုစွန့်ခွာရန်ဖိအားပေးနေမှုများကို ကမ္ဘာအနှံ့အပြားတွင်တွေ့ရှိနေရသည်။ ထိုသူတို့၏အကျပ်အတည်းဖြစ်မှုများကြောင့် မည်သို့သောအနှောက်အယှက်အဟန့်အတားမျိုးမဆိုကျော်ဖြတ်သွားနိုင်ကြောင်းတွေ့ရသည်။ ချမ်းသာသောနိုင်ငံများမှ တဖြည်းဖြည်းသိရှိလာသော အရာများမှာ သူတို့ကိုယ်တိုင်ပင်သမိုင်း၏ဒဏ်ရာများကို မျှဝေတာဝန်ယူမှုများဖြင့် ကုစားရန်ကြိုးစားမှုများ အတွက် ရရှိလာသောအကြောင်းအရာများကို အာဖရိကနှင့်အရှေ့အလယ်ပိုင်းဒေသမှ အစုလိုက်အဖွဲ့လိုက်ရွှေ့ပြောင်းသွားလာမှုများအဖြစ် လက်တွေ့မြင်တွေ့ရခြင်းပင်ဖြစ်သည်။သတိပြုစရာ အချက်အနေဖြင့်အကယ်၍ ဒုက္ခသည်များတချိန်တည်းတွင်အစုလိုက်အပြုံလိုက် ပြောင်းရွှေ့လာခြင်းသည် ခက်ခဲသောပြဿနာများဖြစ်သော်လည်းလူပီသမှုအတွက် ကောင်းမွန် သောအခွင့်အရေး တစ်ခုရရှိခြင်းဖြစ်သည်။ ဒုက္ခသည်များအဖို့ မိမိတို့ထက်ပိုမိုချမ်းသာသော နိုင်ငံများ၏ တံခါးများကို ခေါက်၍ အကူအညီတောင်းနေခြင်းက ထိုသူတို့နှင့်အတူ တစ်သားတည်း ရှိနေရန်ဖြစ်သည်။ ထို့ကြောင့် ချမ်းသာသောနိုင်ငံများအနေဖြင့်ဒုက္ခသည်များကို စိတ်ဓါတ်ခွန်အား အသစ်ရရှိစေရန် မကူညီပဲနေမည်လော..။ ဤကဲ့သို့ သော ကြီးမားသောလူအစုအဝေး ပြောင်းရွှေ့ မှုများနှင့်ဆိုင်သော စိန်ခေါ်မှုများကို အတူတကွကိုင် တွယ်ဖြေရှင်းနေသော ဥရောပနိုင်ငံများ အနေဖြင့် တည်ငြိမ်စွာ စီးဆင်းနေသော စွမ်းအားများကို ပြန်လည်စုစည်းနေမိနေခြင်းဖြစ်သည် ။ကျွန်ုပ်တို့အနေဖြင့် ယဉ်ကျေးမှုမတူညီမှုများနှင့် မိမိတို့နှင့်မသိသော သူစိမ်းများအားကြောက်ရွံ့ နေခြင်းများ၏ အခြားတစ်ဖက်ဆီသို့ကျော်လွန်သွားရန်လိုအပ်သည်။ ထိုကဲ့သို့သောကြောက် ရွံ့မှုများသည် အလွန်သဘောပေါက်နားလည်လွယ်စေပြီး ဒုက္ခသည်များပြောင်းရွှေ့လာခြင်းအပေါ် လွန်စွာအားရ ဝမ်းသာကြိုဆိုကူညီခဲ့ကြသောသူများကိုပါ တခါတရံ သည်းခံနိုင်မှု ကုန်ဆုံးသွားစေ ပြီးဖြစ်သည်။ ကြောက်ရွံ့ခြင်းအား ကျွန်ုပ်တို့ကိုယ်တိုင် နံရံတစ်ဖက်နောက်ကွယ်တွင် ပုန်းခိုနေသော်လည်း လျော့နည်းလာလိမ့်မည်မဟုတ်။ သို့သော် ကျွန်ုပ်တို့မသိသော အခြားသူများ ဆီသို့ အခြားသူများ ဆီသို့ ဆက်လက်သယ်ဆောင်သွားနေမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့နှင့် နေထိုင်ပုံ၊ ယဉ်ကျေးမှုမတူညီသော သူစိမ်းတစ်ယောက်ကိုမြင်လိုက်ရချိန်တွင် ထိုသူ့အား တူညီသော လူသားမိသားစုဝင်အဖြစ်သို့ကြိုဆိုလက်ခံပေးရန်အတွက် အရေးကြီး လုပ်ဆောင်ရန်လိုအပ်သည်ဟုသော ထင်မြင်ယူဆချက်မရှိနိုင်ဘူးလား...?

Translated Burmese version by Bosco